# တိုင်းရင်းသားလူမျိုးများညီလာခံ ကွန်ဖရင့်၏

## ထုတ်ပြန်ကြေညာချက်

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက်။

၁။ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ UNFC မှ ကမကထပြုပြီး တိုင်းရင်းသားလူမျိုးများ ကွန်ဖရင့်ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ လွတ်မြောက်နယ်မြေတနေရာတွင် ကျင်းပခဲ့ပါသည်။

၂။ ထိုကွန်ဖရင့်သို့ UNFC အဖွဲ့ဝင်များအပါအဝင် လက်နက်ကိုင်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (၁၈)ဖွဲ့မှ ကိုယ်စားလှယ်များ၊ ညီညွတ်သောတိုင်းရင်းသားများမဟာမိတ်အဖွဲ့ UNA အဖွဲ့ဝင်များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီ(၄)ဖွဲ့မှ ကိုယ်စားလှယ်များ၊ လူငယ်အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ လူထုအကျိုးပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားရောက်တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တတ်သိပညာရှင်များနှင့် တိုင်းရင်းသားအရေးတွင် တက်ကြွစွာလှုပ်ရှားနေသော တသီးပုဂ္ဂလများ စုစုပေါင်း (၁၂၂)ဦး တက်ရောက်ခဲ့ကြသည်။

၃။ ထိုကိုယ်စားလှယ်များသည် မြန်မာနိုင်ငံတွင်လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေ၊ တိုင်းရင်းသား ညီညွတ်မှုတည်ဆောက်ရေးအခြေအနေနှင့် အနာဂတ်တွင် အေးချမ်းတည်ငြိမ်တိုးတက်သော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များကို တက်ကြွပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

၄။ ဤကွန်ဖရင့်ကြီးမှ အောက်ပါအရေးကြီးသော သဘောထားဆုံးဖြတ်ချက်များကို ညီတူစွာချမှတ်နိုင်ခဲ့သည်။

(က) လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံအားအမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော အမျိုးသား ပြည်နယ်၊ အမျိုးသားများပြည်နယ်များဖြင့်စုပေါင်းပြီး ဖက်ဒရယ်ပြည်ထောင်စုအသွင်ဖြင့် ဖွဲ့စည်းသွားရန်၊

(ခ) ထိုဖက်ဒရယ်ပြည်ထောင်စုတွင် ဖက်ဒရယ်ဒီမိုကရေစီစံနစ်ကိုကျင့်သုံးသွားရန်၊

(ဂ) ထိုဖက်ဒရယ်ပြည်ထောင်စုကို ပြည်ပရန်မှကာကွယ်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် အသွင်ဖြင့် တပ်မတော်ကိုဖွဲ့စည်းသွားရန်၊

(ဃ) လက်ရှိဦးသိန်းစိန်အစိုးရမှကျင့်သုံးနေသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီအနှစ်သာ ရကင်းမဲ့ပြီး စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုမူနှင့် ကိုက်ညီမှုမရှိသည့်အတွက် ၎င်းကိုလက်မခံနိုင် ကြောင်း၊ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုမူအပေါ်အခြေခံ၍ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တရပ်ကိုရေး ဆွဲပြဋ္ဌာန်းသွားရန်၊

(င) ထိုသို့ရေးဆွဲရာတွင် UNFC နှင့် UNA တို့မှ ဦးဆောင်၍ ဒီမိုကရေစီအင်အားစုများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများ၊ လူထုအကျိုးပြုအဖွဲ့အစည်းများနှင့် အခြားသောအဖွဲ့ အစည်းများပါဝင်လျက် မူကြမ်းရေးဆွဲရေးကော်မတီဖွဲ့စည်းပြီး အကောင်အထည်ဖော်သွားရန်၊

(စ) နိုင်ငံရေးပြဿနာကိုဆွေးနွေးရာတွင် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလအတွင်းကကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးများညီလာခံကချမှတ်ခဲ့သည့် ငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံရေးလုပ်ငန်းစဉ် (၆) ချက်အတိုင်း ကျင့်သုံးလုပ်ဆောင်သွားရန်တို့ကို တညီတညွတ်တည်းသဘောတူညီ ဆုံးဖြတ်ခဲ့ကြသည်။ ထိုသို့တွေ့ဆုံရာတွင် တဖွဲ့ချင်းစီသီးခြားမဟုတ်ပဲ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားပြုလက်နက်ကိုင်အဖွဲ့အစည်းများ တပေါင်းတစည်းတည်း ပါဝင်ဆွေးနွေးမည်။

၅။ ထိုသို့ (၃) ရက်တိုင်တိုင်ကျင်းပခဲ့ပြီး ကိုယ်စားလှယ်များသည် နောက်တနေ့ဩဂုတ်လ (၁) ရက်နေ့တွင် ပြည်တွင်း၊ ပြည်ပရှိဒီမိုကရေစီအင်အားစု(၈)ဖွဲ့မှ ကိုယ်စားလှယ်များနှင့် ထပ်မံတွေ့ဆုံညှိနှိုင်းကာ ဘုံလုပ်ငန်းစဉ်များကို ညီတူစွာလုပ်ဆောင်အကောင်အထည်ဖေါ်သွားရန် သဘောတူညီခဲ့ကြသည်။

၆။ ဤသို့ ဒီမိုကရေစီအင်အားစုများနှင့် တွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားတန်းတူရေးကို ရှေ့ရှုသော ဗမာ/မြန်မာ ပြည်နယ်ဖွဲ့စည်းရေးကို ဖေါ်ဆောင်သွားရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

**ဆက်သွယ်ရန်**

ပဒိုဒေးဗစ်သာကပေါ် ဖုန်း - 0904567095
ဒု-ဥက္ကဋ္ဌ၊ UNFC

နိုင်ဟံသာ ဖုန်း - 0805030849
အထွေထွေအတွင်းရေးမှူး၊ UNFC

ပဒိုမန်းမန်း ဖုန်း - 0879438750
တွဲဖက်အထွေထွေအတွင်းရေးမှူး၊ UNFC

ဗိုလ်မှူးကြီး ခွန်ဥက္ကာ ဖုန်း - 0819502158
တွဲဖက်အထွေထွေအတွင်းရေးမှူး၊ UNFC